# မြောင်းဝကြီးကျေးရွာ
# နန်းသဲကျေးရွာအုပ်စု၊ ညောင်ရွှေမြို့နယ်

## ၂၀၂၂ – ၂၀၂၃ ဘဏ္ဍာရေးနှစ်
## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

မြောင်းဝကြီးကျေးရွာ၊ နန်းသဲကျေးရွာအုပ်စု၊ ညောင်ရွှေမြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | စကားချီး | ၃ |
| | ကျေးရွာ သယံဇာတပြမြေပုံ၊ | ၄ |
| | ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊ | ၅ |
| | ကျေးရွာတွင်းနှင့်ကျေးရွာ ပြင်ပအဖွဲ့အစည်းများဆက်စပ်မှုပြပုံ၊ | ၆ |
| အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေး လုပ်ငန်းများ | | |
| ၁။ | တည်နေရာနှင့် ပထဝီဝင် အနေအထား | ၇ |
| ၂။ | ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ | ၇ |
| ၃။ | လူဦးရေဆိုင်ရာ အချက်အလက်များ | ၇ |
| ၄။ | ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ | ၇ |
| ၅။ | စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ | |
| | (က) သီးနှံ စိုက်ပျိုးရေးဇယား | ၇-၈ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၈ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၈ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၈ |
| ၆။ | အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ | |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၉ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၉ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၉ |
| ၇။ | ပညာရေး | ၉ |
| ၈။ | ကျန်းမာရေး | ၉ |
| ၉။ | ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၉ |
| ၁၀။ | ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ | ၁၀ |
| ၁၁။ | ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး | ၁၀ |
| ၁၂။ | ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး | ၁၀ |
| ၁၃။ | ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ | ၁၁ |
| အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် | | |
| | စီမံချက် အဆိုပြုလွှာ (၁) | ၁၂-၁၃ |
| နောက်ဆက်တွဲ | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၄ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၅-၄၉ |
| | နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၀-၅၂ |

## စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၂-၂၀၂၃ဘ ဘဏ္ဍာရေးနှစ်မှ ၂၀၂၆-၂၀၂၇ ခုဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသောလူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့်စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံ သာမကနည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများကစီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံ သာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေး ဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယားစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

# မြောင်းဝကြီးကျေးရွာ သယံဇာတပြမြေပုံ၊ ညောင်ရွှေမြို့နယ်



# မြောင်းဝကြီးကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊ ညောင်ရွှေမြို့နယ်



## မြောင်းဝကြီးကျေးရွာ ကျေးရွာတွင်းနှင့် ကျေးရွာပြင်ပ ဆက်စပ်မှုပြပုံ၊  ညောင်ရွှေမြို့နယ်



# အပိုင်း (က)
## ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

### ၁။ တည်နေရာနှင့် ပထဝီဝင်အနေအထား

မြောင်းဝကြီးကျေးရွာသည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောခရိုင်၊ ညောင်ရွှေမြို့နယ်၊ နန်းသဲကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ညောင်ရွှေမြို့၏ တောင်ဘက်(၄)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ကျေးရွာ၏အရှေ့ဘက်တွင် အိုင်ထောင့်ကြီးကျေးရွာ၊ မြောက်ဘက်တွင် ကျေးရွာပိုင် ကျွန်းမျှောစိုက်ခင်းများ၊ တောင်ဘက်တွင်နှင့်အနောက်ဘက်တို့တွင် ချောင်းရေပြင်စသည်တို့နှင့်ထိစပ်၍ တည်ရှိနေပါသည်။ကျေးရွာတွင် အင်းသားလူမျိုးများ နေထိုင်ကြပြီး ဗုဒ္ဓဘာသာကိုးကွယ်ကြပါသည်။

### ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

မြောင်းဝကြီးကျေးရွာ၏ ရာသီဥတုမှာ အေးမြစွတ်စိုသော ရာသီဥတုဖြစ်ပါသည်။ စိုက်ပျိုးနိုင်သောမြေဧရိယာမရှိသဖြင့် ကျွန်းမျှောများပြုလုပ်၍ သီးနှံများစိုက်ပျိုးကြပါသည်။ကျေးရွာပိုင် ကျွန်းမျှော စုစုပေါင်း (၂၅၀)ကေခန့် ရှိပါသည်။မြေဆီလွှာအရည်အသွေး အသင့်အတင့်ကောင်းမွန်ပါသဖြင့် ဓါတ်မြေသြဇာ အသင့်အတင့်သာ သုံးစွဲ၍ စိုက်ပျိုးနိုင်ပါသည်။ ကျေးရွာတွင် ဓါတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ ရှာဖွေတွေ့ရှိခြင်းအနေဖြင့် မြေပေါ်/အောက်ရေ အသင့်အတင့်တွေ့ရှိပြီး အသုံးချရန်လွယ်ပါသည်။ အခြားသဘာဝအရင်းအမြစ်များ မတွေ့ရှိရပါ။

### ၃။ လူဦးရေဆိုင်ရာ အချက်အလက်များ

မြောင်းဝကြီးကျေးရွာတွင် အိမ်ခြေ(၈၀)အိမ်၊ အိမ်ထောင်စု(၉၇)စု၊လူဦးရေပေါင်း(၃၈၂)ဦးရှိသည်။ အိမ်ခြေနှင့် လူဦးရေ အချိုးညီမျှသည်ဟု ယူဆပါသည်။ ကျေးရွာတွင် (၁၄)နှစ်အောက်ကလေးများပြီး (၆၅)နှစ်နှင့်အထက် သက်ကြီးရွာအိုများ စုစုပေါင်း(၆)ဦးသာရှိပါသည်။ကျေးရွာရှိ လူဦးရေ၏ (၇၈%)မှာ အလုပ်လုပ်နိုင်သည့် အရွယ်ဖြစ်သောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့်အပြင် လုပ်အားပူးပေါင်းပါဝင်နိုင်မှုအားကောင်းသောကျေးရွာ ဖြစ်ပါသည်။

### ၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

မြောင်းဝကြီးကျေးရွာတွင် ဖွံ့ဖြိုးရေးများအား အစိုးရဌာနဆိုင်ရာများမှအပြင် ကျေးရွာပြင်ပအဖွဲ့အစည်းများဖြစ်သည့် Pact Myanmarနှင့် Harnaချေးငွေအဖွဲ့တို့ ဝင်ရောက်မှုရှိပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကဏ္ဍအသီးသီးတွင် ကျေးရွာရှိ ရာအိမ်မှူးမှ ဦးဆောင်၍ ကျေးရွာတွင်းရှိ အဖွဲ့အစည်း/ကော်မတီများမှ ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။ ကျေးရွာပြင်ပ အဖွဲ့အစည်းများနှင့်လက်လှမ်းမီမှု အသင့်အတင့်ရှိပါသည်။

### ၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

#### (က) သီးနှံစိုက်ပျိုးရေး ဇယား

မြောင်းဝကြီးကျေးရွာပိုင် ကျွန်းမျှောများကို ခရမ်းချဉ်သီး၊ ခရမ်းသီး၊ ပဲသီးနှင့် ဖရုံသီးတို့ကို စိုက်ပျိုးကြပါသည်။ သီးနှံများကို တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းဖြင့်သာ အဓိကအသက်မွေးဝမ်းကျောင်းပြုကြသဖြင့် အခြားဝင်ငွေရလုပ်ငန်း လုပ်ကိုင်သူများ နည်းပါသည်။

ကျွန်းမျှောများသည် ကျေးရွာအနီးပတ်ဝန်းကျင်တွင်သာရှိသဖြင့် နှစ်စဉ်ပြုပြင်၍ စိုက်ပျိုးကြပါသည်။စိုက်ပျိုးမြေအား အသုံးချ၍ရနိုင်သည့် အတိုင်းအတာအထိ စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ ကျေးရွာရှိ အိမ်ထောင်စု(၅၉)စုသည် စိုက်ပျိုးမြေအနည်းငယ်စီ ပိုင်ဆိုင်ပြီး အိမ်ထောင်စု(၃၈)စုသည် ငါးဖမ်းလုပ်ငန်းဖြင့်သာ အသက်မွေးဝမ်းကျောင်းပြုကြသဖြင့် မြေယာမဲ့များဖြစ်ပါသည်။

စိုက်ပျိုးရေရရှိရန် ချောင်းရေကို အဓိကအားထား၍ စိုက်ပျိုးကြပါသည်။ သီးနှံများသည် ပုံမှန်အားဖြင့် ရာသီဥတုအခြေအနေ မှန်ကန်မှုအပေါ်မူတည်၍ အထွက်နှုန်းကောင်းသည့် နှစ်ရှိသကဲ့သို့ တစ်ခါတစ်ရံ ဆုံးရှုံးမှုများ ဖြစ်ပေါ်တတ်ပါသည်။

ကျေးရွာတွင် မိရိုးဖလာစိုက်ပျိုးနည်းစနစ်ဖြင့်သာ စိုက်ပျိုးလုပ်ကိုင်ကြသဖြင့် အဆင့်မြင့်စိုက်ပျိုးရေး သုံးစက်ကိရိယာများ အနည်းငယ်သာ ပိုင်ဆိုင်ကြပါသည်။ အချို့တောင်သူများသည် မိရိုးဖလာစိုက်ပျိုးရေးစနစ်ဖြင့်သာလုပ်ကိုင်ကြပြီး အချို့တောင်သူသည် ကျေးရွာတွင်းရှိ၊ နီးစပ်ရာကျေးရွာရှိ စက်များ ငှါးရမ်း၍ စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ စိုက်ပျိုးမြေများတွင် သဘာဝမြေသြဇာများကို အနည်းငယ်သာ သုံးစွဲနိုင်ပြီး ဓါတ်မြေသြဇာများကို အသင့်အတင့်အသုံးပြု ကြရပါသည်။ ဓါတ်မြေသြဇာများကို ညောင်ရွှေမြို့တို့တွင် အလွယ်တကူဝယ်ယူ ရရှိနိုင်သည်။ထွက်ကုန်များကို နီးစပ်ရာဈေးတွင်လည်းကောင်း၊ ညောင်ရွှေဈေး/မြို့တွင်လည်းကောင်း ရောင်းချနိုင်သည်။ ဆေးဆိုင်များမှ ရောင်းချသည့် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများကိုသာ အသုံးပြုကြသည်။ ပိုးသတ်ဆေးသုံး၍ မိမိတို့၏စိုက်ခင်းများကို ကာကွယ်ကြောင်း တွေ့ရပါသည်။ အချို့နှစ်တွင် ပိုးကျရောက်မှုများသဖြင့် နီးစပ်ရာကျေးရွာ အသိမိတ်ဆွေများသို့ ဆက်သွယ်၍ နည်းပညာတောင်းခံရသည့်နှစ်လည်း ရှိပါသည်။ ယခုနှစ်တွင် မိုးများသောကြောင့် သီးနှံအထွက်နှုန်းနည်းပါသည်။ ကျေးရွာရှိ တောင်သူများသည် ငွေကြေးအခက်အခဲဖြစ်ပေါ်ပါက မြစိမ်းရောင်စီမံကိန်းရန်ပုံငွေကိုလည်းကောင်း၊ Pact Myanmarနှင့် Harnaချေးငွေအဖွဲ့ထံတွင်လည်းကောင်း၊ ကျေးရွာရှိ ဆွေမျိုးများထံတွင်လည်းကောင်း ချေးငွေများချေးယူ၍ အခက်အခဲများ ဖြေရှင်းကြရပါသည်။ သီးနှံပေါ်ချိန်တွင် ပြန်လည်ပေးဆပ်ရပါသည်။ အချို့နှစ်များသည် ဖျက်ပိုးများကျရောက်ခြင်းနှင့် ရာသီဥတုမမှန်ခြင်းတို့ ကြုံရပါက သီးနှံများ ဆုံးရှုံးမှုများဖြစ်ပေါ်သဖြင့် ပေးဆပ်ရန် ခက်ခဲကြပါသည်။

**(ခ) မွေးမြူရေးလုပ်ငန်း**

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြခြင်းကြောင့် မွေးမြူရေးလုပ်ငန်းအား စီးပွားဖြစ် လုပ်ကိုင်သူအိမ်ထောင်စု(၂)စုသာရှိပါသည်။ စားသုံးရန်အတွက် တစ်ပိုင်တစ်နိုင် ဝက် အနည်းငယ်မွေးမြူထားသည့်အိမ်အချို့ တွေ့ရှိရပါသည်။ စားကျက်မြေမရှိခြင်း၊ နည်းပညာ လက်လှမ်းမီမှု အားနည်းခြင်းတို့ကြောင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ မရှိရခြင်း ဖြစ်ပါသည်။ မွေးမြူရေး လုပ်ငန်း တိုးတက်ရန်အတွက် နည်းပညာဝန်ဆောင်မှုများ၊ မျိုးကောင်းမျိုးသန့်များရရှိရန် လိုအပ်ပါသည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ချိတ်ဆက်မှုလည်း အားနည်းပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

ကျွန်ုပ်တို့ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းအပြင် ငါးဖမ်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသည့်အိမ်ထောင်စု အသင့်အတင့်ရှိပါသည်။ အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် ဒေသနှင့်ကိုက်ညီသည့် သက်/မွေးသင်တန်းများ ဖွင့်လှစ်ပေးရန် လိုအပ်လျက်ရှိပါသည်။ကျေးရွာ၌ ဗေဒါ မြေဆွေးကုန်ကြမ်းများ အသင့်အတင့်ရရှိနိုင်ပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ငွေကြေးနှင့်ပတ်သက်၍ အခက်အခဲများဖြစ်ပေါ်လာပါက သမဝါယမချေးငွေ၊ မြစိမ်းရောင်စီမံကိန်း ချေးငွေတွင်လည်းကောင်း၊ Pact Myanmarနှင့် Harna ချေးငွေအဖွဲ့တို့တွင်လည်းကောင်း၊ ကျေးရွာရှိ ဆွေမျိုးများ ထံတွင်လည်းကောင်း ချေးငွေများရယူ၍ အခက်အခဲများ ဖြေရှင်းကြရပါသည်။ ဘဏ်နှင့် ငွေကြေး ဝန်ဆောင်မှု လက်လှမ်းမီမှု အသင့်အတင့်ရှိပါသည်။

## ၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျွန်ုပ်တို့ကျေးရွာတွင် လှေအများဆုံးပိုင်ဆိုင်ပြီး စက်လှေအသင့်အတင့် ရှိပါသည်။ ကျေးရွာသည် ရေပေါ်တွင်တည်ရှိသော ကျေးရွာဖြစ်သဖြင့် ရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းများသည် ရေလမ်းများဖြစ်သဖြင့် သယ်ယူပို့ဆောင်ရေးတွင် စက်လှေများကို အသုံးပြုကြပါသည်။ သွားလာဆက်သွယ်ရေးတွင် အနည်းငယ်ခက်ခဲသောကျေးရွာ ဖြစ်ပါသည်။

### (ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် မဟာဓါတ်အားလိုင်းရောက်ရှိသဖြင့် အိမ်ထောင်စု(၇၁)စုသည် မဟာဓါတ်အားလိုင်းလျှပ်စစ်မီးကို အသုံးပြုကြပြီး လျှပ်စစ်မီးသွယ်ယူရန် အခက်အခဲရှိနေသည့် အိမ်ထောင်စု(၂၆)စုသည် တစ်အိမ်သုံးဆိုလာစနစ် အသုံးပြုလျက်ရှိပါသည်။ မီးနှင့်ပတ်သက်၍ ပြုပြင်ထိန်းသိမ်းရေးစနစ် အသင့်အတင့်ကောင်းမွန်သော်လည်း အခက်အခဲအနည်းငယ်ရှိပါသည်။

### (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် ဖုန်းဆက်သွယ်ရေးလိုင်းကောင်းမွန်သဖြင့် သတင်းနှင့် ဆက်သွယ်ရေးကဏ္ဍတွင် လက်လှမ်းမီမှု ရှိပါသည်။ သတင်းအချက်အလက်များ အချိန်နှင့်တပြေးညီရရှိသဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူပြု ပါသည်။ကျေးရွာရှိ အမျိုးသမီး- အမျိုးသားများသည် သတင်းအချက်အလက်များ လက်လှမ်းမီမှု ရှိကြပါသည်။

## ၇။ ပညာရေး

ကျေးရွာလူဦးရေ စုစုပေါင်း(၃၈၂)ဦးတွင် တက္ကသိုလ်တက်ရောက်ဆဲနှင့် တက္ကသိုလ်အဆင့်ပြီး ဦးရေ(၂)ဦးသာရှိသဖြင့် ပညာရေးအားနည်းခြင်းကို ဖော်ပြလျက်ရှိပါသည်။ ကျေးရွာတွင် စာသင်ကျောင်း မရှိသော်လည်း ကျေးရွာအနီးတွင် အိုင်ထောင့်ကြီးအထက်တန်း(ခွဲ)ကျောင်းရှိသဖြင့် အလယ်တန်းအဆင့် ကျောင်းပြီးဦးရေများပြီး အထက်တန်းအဆင့်ပြီးသူ အနည်းငယ်ရှိပါသည်။ကျေးရွာတွင် တက္ကသိုလ်/ကောလိပ်ကို နီးစပ်ရာ သက်ဆိုင်ရာမြို့များတွင် သွားရောက်ပညာသင်ကြားရခြင်းကြောင်း တက္ကသိုလ်အဆင့် ကျောင်းပြီးသူနည်းရခြင်း ဖြစ်ပါသည်။ ငွေကြေးတတ်နိုင်သည့် ကျောင်းသားမိဘများသာ မိမိတို့၏ သား/သမီးများကို အခြားကျေးရွာ/မြို့တို့တွင်ထား၍ ဆက်လက်ပညာ သင်ကြားစေပါသည်။ လက်ရှိတွင် ကျေးရွာ၌ ကျောင်းနေအရွယ် ကလေးငယ်များအားလုံး ပညာသင်ကြားလျက်ရှိပါသည်။

## ၈။ ကျန်းမာရေး

ကျန်းမာရေးအခြေအနေမှာ ကျေးရွာတွင် သွေးလွန်တုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျှောနှင့် ကိုဗစ်ရောဂါ အနည်းငယ်ဖြစ်ပွားမှု ရှိပါသည်။ ကျန်းမာရေးဌာန မရှိသဖြင့် နီးစပ်ရာ ကျေးရွာရှိ ဆေးရုံ/ဆေးခန်းတွင် သွားရောက်ဆေးကုသရပါသည်။ ဆေးရုံ/ဆေးခန်းနှင့်အလှမ်းမဝေးသဖြင့် ဆေးဝါးကုသမှု လက်လှမ်းမီမှု ရှိပါသည်။ လွန်ခဲ့သော(၁၂)လအတွင်း ကျေးရွာ၌ ကျန်းမာရေး ဌာနမှ ကိုဗစ်ကာကွယ်ဆေးမှအပ အခြားကာကွယ်ဆေးများ လာရောက်ထိုးနှံပေးခြင်း မရှိပါ။

## ၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် ဘေးအန္တရာယ်လျော့ချရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အစီအမံများဆောင်ရွက်ထားခြင်း မရှိပါ။ သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုတွင် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုမှအပ အခြားရင်းမြစ်များအနေဖြင့် လက်ရှိတွင် အခက်အခဲများရှိပြီး အန္တရာယ်အသင့်အတင့် ကြုံတွေ့လာနိုင်ပါသည်။

## ၁၀။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် အမျိုးသမီးများသည် စီမံအုပ်ချုပ်ရေးစနစ်တွင်ပါဝင်မှုမရှိသော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မှုနှင့် အခြားကဏ္ဍများတွင် တက်ကြွစွာပူးပေါင်းပါဝင်ကြပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက်ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု အသင့်အတင့်ရှိပြီး ကျေးရွာတွင် အမျိုးသမီးများနှင့် အမျိုးသားများ၏ နေ့စားလုပ်အားခရရှိမှုသည် အနည်းငယ်ကွာဟမှုရှိသော်လည်း သတင်းအချက်အလက်နှင့် ငွေကြေးလက်လှမ်းမီမှုတို့တွင် အမျိုးသားများနှင့် တန်းတူ အခွင့်အလမ်း ရရှိပါသည်။

## ၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ကျေးရွာတွင် လူငယ်များအတွက် ဘာသာရေးပွဲအပြင် အခြားပျော်ပွဲရွှင်ပွဲများကျင်းပပေးခြင်း မရှိပါ။ ကျေးရွာသည် စည်းလုံးညီညွတ်သောကြောင့် သာရေး၊ နာရေးများ၊ ပွဲတော်များ၊ ဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ရာတွင် လူငယ်များ ကြွစွာပါဝင်လုပ်ဆောင်ကြပါသည်။ သို့သော် အားကစားကဏ္ဍနှင့် အသိပညာများကိုယ်တိုင်လေ့လာခြင်းနှင့် စူးစမ်းရှာဖွေခြင်းတွင်လည်း အားနည်းကြပါသည်။

## ၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

ကျေးရွာတွင် ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေးအတွက် အဖွဲ့များဖွဲ့စည်းထားခြင်း မရှိပါ။စည်းလုံးညီညွတ်မှုအားကောင်းသောကျေးရွာဖြစ်သဖြင့် မှုခင်းဖြစ်ခြင်း၊ ပြဿနာဖြစ်ခြင်း မရှိပါ။

၁၃။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

| စဉ် | စီမံချက် ( Project ) | ဦးစားပေး အဆင့် | ၂၀၂၂-၂၀၂၃ | ၂၀၂၃-၂၀၂၄ | ၂၀၂၄-၂၀၂၅ | ၂၀၂၅-၂၀၂၆ | ၂၀၂၆-၂၀၂၇ |
|---|---|---|---|---|---|---|---|
| ၁ | ရေစင်တည်ဆောက်ခြင်းနှင့်ရေပိုက်ဝယ်ယူခြင်း | ၁ | ✓ | | | | |
| ၂ | ဆေးပေးခန်းတည်ဆောက်ခြင်း | ၂ | | ✓ | | | |
| ၃ | ကျန်းမာရေးအသိပညာပေးဟောပြောပွဲများပြုလုပ်ခြင်း | ၃ | | ✓ | | | |
| ၄ | စာသင်ကျောင်းတည်ဆောက်ခြင်း | ၄ | | | ✓ | | |
| ၅ | အားကစားကွင်းဆောင်ရွက်ခြင်း | ၅ | | | ✓ | | |
| ၆ | စိုက်ပျိုးရေး၊ မွေးမြူရေးအသိပညာပေးသင်တန်းဖွင့်လှစ်ခြင်း | ၆ | | | | ✓ | |
| ၇ | ဓါတ်မြေသြဇာထောက်ပံ့ပေးခြင်း | ၇ | | | | ✓ | |
| ၈ | မျိုးကောင်းမျိုးသန့်များဖြန့်ဝေပေးခြင်း | ၈ | | | | ✓ | |
| ၉ | စာကြည့်တိုက်တည်ဆောက်ခြင်း | ၉ | | | | | ✓ |
| ၁၀ | သက်/မွေးသင်တန်းဖွင့်လှစ်ခြင်း(အပ်ချုပ်စက်၊ချည်းထိုး၊ မုန့်လုပ်ငန်း) | ၁၀ | | | | | ✓ |
| ၁၁ | ကားလမ်းဖောက်လုပ်ခြင်း(၃/၄)မိုင် | ၁၁ | | | | | ✓ |
| | | | | | | | |

## အပိုင်း (ခ)

## စီမံချက်ဆိုင်ရာ အချက်အလက်များ

**စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ ( Project Profile )**

| | |
|---|---|
| ကျေးရွာ - မြောင်းဝကြီးကျေးရွာ<br>ကျေးရွာအုပ်စု - နန်းသဲကျေးရွာအုပ်စု<br>မြို့နယ် - ညောင်ရွှေမြို့နယ်<br>တိုင်း/ပြည်နယ် - ရှမ်းပြည်နယ်(တောင်ပိုင်း) | |
| **စီမံချက်အမည်** - **ရေစင်တည်ဆောက်ခြင်းနှင့်ရေပိုက်ဝယ်ယူခြင်းလုပ်ငန်း(ဂါလံ(၁၆၀၀)ဆံ့၊ ၂"ØPVC (၈၁)လုံး)** | |
| **စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**<br>နန်းသဲကျေးရွာတွင် သန့်ရှင်းသောသောက်သုံးရေရရှိရန်လိုအပ်ခြင်းနှင့် ရေမလုံလောက်ခြင်းတို့ကြောင့် စီမံချက်ဆောင်ရွက်လိုခြင်းဖြစ်ပါသည်။ | |
| **စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒ ဖော်ပြရန်)**<br>ကျေးရွာသူ/သားများ၊ ကျောင်းသား/သူများမှ တစ်နှစ်ပတ်လုံး သောက်သုံးရေဖူလုံလာစေရန် ရည်ရွယ်ပါသည်။ | |
| **မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ )**<br>သန့်ရှင်းသော သောက်သုံးရေများ ဖူလုံလာစေမည့်အပြင် ကျန်းမာသန့်ရှင်းရေးကဏ္ဍတွင်လည်း အထောက်အကူပြုလာစေမည် ဖြစ်ပါသည်။ | |
| **စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏ လုပ်ရမည် )**<br>ရေစင်တည်ဆောက်ခြင်းနှင့်ရေပိုက်ဝယ်ယူခြင်းလုပ်ငန်းအား ခန့်မှန်းကုန်ကျငွေကျပ် (၁၂၀၀၀၀၀ိ/)မှ ကျေးရွာသူ/သားများ၏ လုပ်အားဖြင့် ပြီးစီးအောင် ဆောင်ရွက်သွားပါမည်။ | |

| စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု | |
|---|---|
| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
| • ၁၀၀၀၀၀၀၀ဝိ/-(ငွေသား)<br>• (ငွေသား)<br>• ၂၀၀၀၀၀၀ဝိ/-(ပစ္စည်း/လုပ်အား) | • ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| ကျေးရွာအဆင့် | ၁၈၈ | ၁၉၄ | ၃၈၂ | - | ၁၀ | ၈၆ | ၁ | ၉၇ |
| အကျိုးခံစားမည့်သူ ဦးရေ | ၁၈၈ | ၁၉၄ | ၃၈၂ | - | - | - | - | - |
| မှတ်ချက်။ ချောင်လည်အဆင့် - ၁၊ အလယ်အလတ်အဆင့် -၂၊ ဆင်းရဲ-၃၊ အလွန်ဆင်းရဲ - ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

**(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း ( များ )**

- ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
- ကျေးရွာလူထု
- ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**(၂) စီမံချက်စတင်မည့် အချိန်ခန့်မှန်း** - (၁၈.၇.၂၀၂၂)

**(၃) စီမံချက် ပြီးစီးမည့် အချိန်** - (၃၁.၁၀.၂၀၂၂ )

**(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -**

ကျေးရွာသူ/သားများ လုပ်အားပေးရန်အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာအတွင်းအသံချဲ့စက်ဖြင့်လည်းကောင်း၊ သက်ဆိုင်ရာ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများမှ အပိုင်းလိုက် နှိုးဆော်၍လည်းကောင်း ဆောင်ရွက်သွားပါမည်။

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေး ဆိုင်ရာ အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ရပ်မိရပ်ဖများနှင့်ရွာသူရွာသားများ ပူးပေါင်း၍ လုပ်ငန်းများအချိန်မီပြီးစီးရေး၊ အရည်အသွေးပြည့်မီရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ရေစင်နှင့်ပိုက်လိုင်းများ ရေရှည်တည်တံ့ရေးအတွက် ကျေးရွာတွင် ရေပေးရေးကော်မတီဖွဲ့စည်း၍ ရေပေးရေးကော်မတီဝင်များသို့ လုပ်ငန်းအား စနစ်တကျ လွှဲပြောင်းပေးပြီး ကော်မတီဝင်များနှင့် ကျေးရွာသူ/သားများတို့ ပူးပေါင်းထိန်းသိမ်း၍ အသုံးပြုသွားမည် ဖြစ်ပါသည်။

နောက်ဆက်တွဲ (၁)

## မြောင်းဝကြီးကျေးရွာ၊ နန်းသဲကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁။ | ဦးကျော်နိုင်ထွန်း | ဦးသန်းအောင် | ၁၃/ညရန(နိုင်)၁၀၉၃၂၄ | ၃၆ | ဥက္ကဋ္ဌ | ၀၉-၉၇၉၇၁၂၆၀၁ |
| ၂။ | ဦးဇော်မျိုးဦး | ဦးတင်အောင် | ၁၃/ညရန(နိုင်)၁၁၀၄၅၈ | ၃၅ | ဘဏ္ဍာရေးမှူး | ၀၉-၄၄၈၈၈၆၀၆၁ |
| ၃။ | ဒေါ်ခင်ညွန့် | ဦးညွန့် | ၁၃/ညရန(နိုင်)၀၀၃၅၉၀ | ၄၅ | အတွင်းရေးမှူး | ၀၉-၇၇၆၈၁၈၂၂၄ |
| ၄။ | ဒေါ်ရွှေမာဝင်း | ဦးတင်အောင် | ၁၃/ညရန(နိုင်)၀၆၄၁၈၆ | ၄၀ | စာရင်းကိုင် | |
| ၅။ | ဒေါ်ရီလေးနွယ် | ဦးညို | ၁၃/ညရန(နိုင်)၀၂၀၁၀၁ | ၃၁ | အဖွဲ့ဝင် (၁) | ၀၉-၄၄၈၀၆၆၃၄၆ |
| ၆။ | ဦးကျော်လွင် | ဦးဖြူ | ၁၃/ညရန(နိုင်)၀၉၉၃၄၁ | ၄၃ | အဖွဲ့ဝင် (၂) | ၀၉-၂၆၀၃၂၉၃၃၈ |
| ၇။ | ဦးအောင်မြင့်ဦး | ဦးကိုဦး | ၁၃/ဆဆန(နိုင်)၀၈၆၄၆၈ | ၄၉ | အဖွဲ့ဝင် (၃) | ၀၉-၇၇၆၈၁၈၂၂၄ |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | | ၄ | ၄ | - | - |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၆ | ၇ | ၁၃ | - | - |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၃၄ | ၃၁ | ၆၅ | - | - |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၉ | ၂၀ | ၃၉ | - | ၁ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၂၅ | ၁၃၀ | ၂၅၅ | - | ၁ |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်အို | ၄ | ၂ | ၆ | - | - |
| စုစုပေါင်း | | ၁၈၈ | ၁၉၄ | ၃၈၂ | - | ၂ |
| စုစုပေါင်း အိမ်ထောင်စု | | ၉၇ | | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။မြောင်းဝကြီးကျေးရွာ၏ လူဦးရေဆိုင်ရာအချက်အလက်အနေဖြင့် ကျေးရွာတွင် (၁၄)နှစ်အောက် ကလေးငယ်များပြီး နို့စို့ကလေးငယ်(၄)ဦးသာရှိပါသည်။ ကျေးရွာလူဦးရေ(၆၇%)ခန့်သည် အလုပ်လုပ်နိုင်သည့် ဦးရေများ ဖြစ်ပါသည်။ ကျား-မလူဦးရေအနည်းငယ်သာ ကွာဟမှုကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို ေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၅၉ | ၁၂၆ | ၆ | ၉ | ၉ | ၃၃ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၃ | ၁ | | ၁ | | မြင့် ☐ လတ်☐ နိမ့် ☑ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို ေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၃၂ | ၄၁ | ၁ | | ၁ | ၂၃ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် - အိမ်ထောင်စု | အဓိက အလုပ်အကိုင် - မိသားစုဝင်လုပ်အား | အဓိက အလုပ်အကိုင် - အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | အဓိက အလုပ်အကိုင် - ဦးရေ ကျား | အဓိက အလုပ်အကိုင် - ဦးရေ မ | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | | | | ၁ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုရေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက်အလုပ်သမား | ၃ | ၃ | ၁ | | ၁ | ၁ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | စုစုပေါင်း | ၉၇ | ၁၇၄ | ၉ | ၉ | ၁၂ | ၅၈ | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ”**အရေအတွက်တွင်**“မိသားစုဝင်လုပ်အား”ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/

ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ – **"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။မြောင်းဝကြီးကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ကြသဖြင့် အခြား ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူနည်းပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၅၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | ၃၀၀၀ | - | ၂၀၀၀ | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | - | - | - | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | - | - | - | - |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)**

**လေ့လာတွေ့ရှိချက်။** ။မြောင်းဝကြီးကျေးရွာတွင် လုပ်သားများငှါးရမ်းရာ၌ ပျမ်းမျှအားဖြင့် အမျိုးသားများသည် (၅၀၀၀)၊ အမျိုးသမီးများသည်(၄၅၀၀)ခန့်ဝန်ကျင်းခန့် လုပ်အားခရရှိကြောင်း တွေ့ရှိရပါသည်။ ကျား-မ လုပ်အားခရရှိမှု အနည်းငယ်ကွာဟမှု ရှိပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| **လယ်မြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ယာမြေ / တောင်ယာမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ဥယျာဉ်ခြံမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ကိုင်း/ကျွန်းမြေ** | ၂၅၀ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| **ဓနိတောမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| စားကျက်မြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စုစုပေါင်း | ၂၅၀ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။မြောင်းဝကြီးကျေးရွာသည် အင်းရေပေါ်တွင်တည်ရှိသော ကျေးရွာဖြစ်သဖြင့် စိုက်ပျိုးမြေများမရှိသဖြင့် သီးနှံများစိုက်ပျိုးနိုင်ရေး ကျွန်းမျှောများပြုလုပ်၍ စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ ကျွန်းမျှောများသည် မြေဆီဩဇာအသင့်အတင့် ကောင်းမွန်ပါသည်။

**(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့် ☐ နည်း ☑ မရှိ ☐ | ☒ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း) | များ ☐ သင့် ☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ရေ-မြေအောက်ရေ(တွင်း၊ တိမ်၊တွင်းနက်၊လက်တူးတွင်း) | များ ☐ သင့် ☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သစ်တော – အပူပိုင်းသစ်တော | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သစ်တော – ဒီရေတောများ | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။မြောင်းဝကြီးကျေးရွာတွင် ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ ရှာဖွေတွေ့ရှိခြင်းမရှိပါ။ မြေပေါ်/အောက်ရေအသင့်အတင့်တွေ့ရှိပြီး အသုံးချရန် လွယ်ကူပါသည်။ သဘာဝအရင်းအမြစ်များသည် ယခင်နှစ်များနှင့်နှိုင်းယှဉ်ပါကလည်း လျော့နည်းလာကြောင်း တွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ ေသာအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေးလု ပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | - | ၁၀ | ၈၆ | ၁ |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။မြောင်းဝကြီးကျေးရွာရှိ အိမ်ထောင်စုများအား ဥစ္စာဓနအဆင့်သတ်မှတ်ရာတွင် မပြေလည်သောအိမ်ထောင်စုများဖြစ်ကြပြီး အလယ်အလတ်ရှိသောအိမ်ထောင်စု(၁၀)ခုရှိကြောင်း တွေ့ရှိရပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စုအ ရေအတွက် | အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စုအ ရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအ လိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်း စာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |
| ၃လနှင့်၆လကြားဝ မ်းစာဖူလုံမှု | ၆ | ၄ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၆<br>လုပ်အားခကြိုယူ = ၀ |
| ၆လမှ၁၂လအထိဝ မ်းစာဖူလုံမှု | ၂၀ | ၅ | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၂၀<br>လုပ်အားခကြိုယူ = ၀ |

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။မြောင်းဝကြီးကျေးရွာတွင် ဥစ္စာဓနအဆင့်(၃)နှင့်(၄)အိမ်ထောင်စု(၃၀%)၏ ဝမ်းစာဖူလုံမှု အခြေအနေအား လေ့လာခဲ့ရာ အများစုသည် ဝမ်းစာဖူလုံကြပြီး အိမ်ထောင်စု(၂၆)စုသာ (၃)လအောက်မှ(၁၂)လကြား ဝမ်းစာဖူလုံကြောင်း တွေ့ရှိရပါသည်။ အခက်အခဲများအား ကျေးရွာပြင်ပအဖွဲ့အစည်းများထံနှင့် ဆွေမျိုးများထံတို့တွင် ချေးငွေများချေးယူခြင်းဖြင့် ဖြေရှင်းကြကြောင်း သိရှိရပါသည်။

**(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖ၄နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | - | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | - | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | - | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။မြောင်းဝကြီးကျေးရွာတွင် ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများဖြစ်သော မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို (၆၄)နှစ်နှင့်အထက် အဘိုး၊ အဘွားများနှင့် မုဆိုးဖို၊ မုဆိုးမများ မရှိကြောင်း တွေ့ရှိရပါသည်။

**(င-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ**

**ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | | | | | | |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | ✓ | | | ✓ | | |
| ၃ | မုန်တိုင်းဒီရေ | | | | | | |
| ၄ | ဆူနာမီ | | | | | | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | | | | | | |
| ၆ | လေဆင်နှာမောင်း | | | | | | |
| ၇ | ငလျင် | | | | | | |
| ၈ | အပူလှိုင်း | | | | | | |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | | | | | | |
| ၁၀ | အအေးလှိုင်း | | | | | | |
| ၁၁ | မိုးသီးကြွေကျမှု | | | | | | |
| ၁၂ | မိုးခေါင်ခြင်း | | | | | | |
| ၁၃ | တောမီးလောင်ခြင်း | | | | | | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | | | | | | |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | | | | | | |

